ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၅၆ /၂၀၂၂

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်)

## အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး<br>ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား
ဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပညာရေးသုတေသန၊စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဥပဒေအကြံညာဏ်ပေးရေးဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဎ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

(ဏ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

(တ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ထ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန

(ဒ) ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း) တွဲဖက်
လူမှုဝန်ထမ်းဦးစီးဌာန အတွင်းရေးမှူး
လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန

၂။ အမျိုးသားအဆင့်ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားအဆင့်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကလေးသူငယ်အခွင့်အရေးများကို အပြည့်အဝရရှိရေး ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတစ်ဝန်းလုံးရှိ မွေးကင်းစမှ အသက်ရှစ်နှစ်အရွယ် ကလေးများ၏ ကျန်းမာရေး၊ အာဟာရပြည့်ဝစွာရရှိရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိစေရေး၊ မူလတန်းကြိုနှင့် မူလတန်းပညာရေးတို့ကို အသက်အရွယ်အလိုက်ရရှိစေရေးတို့အတွက်ဦးဆောင်၍ ဆောင်ရွက်ခြင်း၊

(ဂ) မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒပါ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေအရ ဖွဲ့စည်းသည့် ဗဟိုကြီးကြပ်ရေးအဖွဲ့တို့နှင့်ပူးပေါင်း၍ အမျိုးသားရေးလုပ်ငန်းအဖြစ် ဦးစားပေး ဆောင်ရွက်ခြင်း၊

(ဃ) မူဝါဒပါ မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ပူးပေါင်း ဆောင်ရွက်ရန် ရပ်ရွာအဆင့်မှအစပြု၍ အဆင့်တိုင်းတွင် အချင်းချင်းသဘော တူညီချက်များရရှိရန် ပူးပေါင်းဆောင်ရွက်မည့်ဌာနဆိုင်ရာနှင့်အဖွဲ့အစည်းအသီးသီး တို့ကို ညှိနှိုင်းပေးခြင်း၊

(င) မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒ ကိုအပြည့်အဝအကောင်အထည်ဖော်နိုင်ရန် ကြီးကြပ်ကွပ်ကဲခြင်းနှင့် လမ်းညွှန်မှု ပေးခြင်း။

၃။ အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ သည် မိမိ၏လုပ်ငန်းဆောင်ရွက်မှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံတင်ပြရမည်။

၄။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၂-၅-၂၀၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၁၇ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

စာအမှတ်၊ ၃ /၁၆၅-(အမျိုးသားအဆင့်ရှေးဦး)/နစက(၂၀၂၁)။
ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်။

မြန်ဝေခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
သက်ဆိုင်ရာပုဂ္ဂိုလ်များ
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

(ပုံ)

ဇော်သန်းသင်း
အမြဲတမ်းအတွင်းဝန်